မြတ်ပန်းရနံ့

အထက်တန်းဆင့်

# စာစီစာကုံးများ

အင်္ဂလိပ် + မြန်မာ

နန္ဒာမိုးကြယ်

Essay

Nway Oo B.A.(EPP)

# စကားရှေ့ပြေး

စာစီစာကုံးဆိုသည် မှာ 'အကြောင်းအရာ တစ်ရပ်ရပ်ကို ဖတ်ချင့်စဖွယ်ကောင်းအောင် စကားပြေဖြင့် ရေးသားထားသည့်စာ'ဟု မြန်မာအဘိဓာန်၌ ဖွင့်ဆိုထားပါသည်။

မြန်မာစာ ဘာသာရပ်ကို သင်ကြားရသူအဖို့ စာစီစာကုံးကို လွှဲရှောင်၍ မရပေ။ စာမေးပွဲ ၌ လည်း မဖြေမဖြစ် ဖြေဆိုရမည့် မေးခွန်းတစ်ခု ဖြစ်ချေ၏။ စာစီစာကုံး၏ ရေးဖွဲ့မှု ပုံစံကို သိထား သူ၊ စာဖတ်များ သူ၊ ဗဟု သုတအထွေထွေ ကြည့်စုံကြွယ်ဝသူ ပတ်ဝန်းကျင်အပေါ်၌ စူးစူးစိုက်စိုက် ရှိသူအဖို့ စာစီစာကုံးရေးဖွဲ့ရခြင်းသည် ပျော်စရာပင် ကောင်းနေပါသေးတော့သည်။

စာစီစာကုံးကို ဖြေဆိုရေးသားရမည့်သူအဖို့ ဘာသာရပ်ဆိုင်ရာ အကြောင်းပြချက်များ ၏ သဘောအဓိပ္ပာယ်ကို သိထားနားလည်ထားလျှင် ကောင်းစွာ ရေးသားဖြေဆိုနိုင်ပေလိမ့်မည်။ ဤ၌ သိပြုရန်မှာ ဖော်ပြပါ ဘာသာရပ်များအားလုံးကို အစီရင်ခံ တင်ပြသည့်သဖွယ် အလုံးစုံ အလွတ် ကျက်မှတ်နေဖို့ မလိုပေ။ အရေးကြီးသော အချက်အလက်များကိုသာ အစထုတ်လျက် မည်သည့် အကြောင်းအရာပြီးပါက မည်သည့်အကြောင်းအရာ လာမည်ကို အစီအစဉ်ကျနအောင် နေရာချလား တတ်ဖို့ လိုသည်။

ထို့ပြင် မိမိစာစီစာကုံးရေးဖွဲ့မည့် အကြောင်းအရာသည် ကျိုးကြောင်းပြ ရေးနည်းဖြင့် ရေးသားရမည်လား၊ ဖွင့်ဆိုရှင်းပြရေးနည်းဖြင့် ရေးသားရမည်လား၊ သရုပ်ဖော်ရေးနည်းဖြင့် ရေးသား ရမည်လား၊ ဖြစ်စဉ်ပြရေးသားနည်းဖြင့် ရေးသားရမည်လား ဆိုသည် တို့ ကိုလည်း သဘော ပေါက်ထားဖို့ လိုပါသည် ။ သရုပ်ဖော်ရေးသားရမည့်စာကို သရုပ်ဖော်ရေးသားနည်းဖြင့်သာ စီကုံးဖွဲ့နွဲ့ ဖို့ အရေးကြီးပါသည် ။ သူ့အကြောင်းအရာနှင့် စပ်ဟပ်သည့် ရေးသားနည်းဖြင့် စီကုံးရေးသား ခြင်းသည် စာစီစာကုံးကို ကြွလာစေသည် ။ သရုပ်သကန် ပီပြင်စေပါသည် ။

ကျောင်းသူကျောင်းသားတိုင်းအဖို့ ဘာသာရပ်အားလုံးကို အလွတ်ကျက်ဖို့ မလိုအပ်ပါ။ မလိုအပ်ဘဲ အားစိုက်ထုတ်ခြင်းသည် ကာယ၊ စိတ္တ၊ နှစ်ဖြာကို နွမ်းနယ် ပင်ပန်းစေပါသည် ။ ယခု စံနမူနာပြ စာစီစာကုံးများကိုလည်း အလွတ်ကျက်နေစရာ မလိုပါ။ ရေးသားထားသည်ကိုသာ သဘောပေါက်နားလည်ရန် တစ်ခေါက် နှစ်ခေါက်မက ဖတ်ပေးသင့်ပါသည် ။ ခေါင်းစဉ်အပေါ် မူတည်၍ မည်သည့်အချက်များ ပါဝင်သည် ကို အစထုတ်ထားခြင်းသည် တကယ်တမ်း စာစီစာကုံး ရေးသားသည့်အခါ များ စွာ အထောက်အကူ ပြုပါသည် ။

စာစီစာကုံးကောင်းတစ်ပုဒ် ရေးသားအားထုတ်နိုင်မည့် ကိစ္စတွင် အလေ့အကျင့်သည် များ စွာအရေးကြီးပါသည် ။ ကိုယ်တွေ့ကြုံရမှုများ ၊ လေ့လာဖတ်ရှု မှတ်စုထုတ်နုတ်ထားသည် များ ၊ မိမိ၏ ထင်မြင်ယူဆချက်များကို ပေါင်းစုလျက် စာစီစာကုံး အရေးအသား တိုးတက်အောင် လေ့ကျင့်ပေးဖို့ လိုပါသည် ။ လေ့ကျင့်ပါများ လျှင် ကျွမ်းကျင်လာပါလိမ့်မည်။ ကျောင်း၌ စာစီစာကုံး ရေးသားခြင်းကောင်းလျှင် ပြင်ပစာများ လုပ်ငန်းဆိုင်ရာ စာဖြင့်ဆက်သွယ်မှုများ ၌ အရေးကောင်းသူ ဖြစ်လာပါလိမ့်မည်။ စာအရေးအသားကောင်းခြင်းကြောင့် လုပ်ဆောင်ရသော ကိ

စွများ လွယ်ကူ ချောမွေ့ အောင်မြင်ပြီးမြောက် နိုင်ပါလိမ့်မည်။

မူလတန်းမှ သည် အထက်တန်းထိတိုင်အောင် မြန်မာစာ ဘာသာရပ်ကို သင်ကြားဖြေဆိုရပါ သည် ။ မြန်မာစာဘာသာရပ်တွင် စာစီစာကုံးမှာ အရေးကြီးသော ဘာသာရပ်ဖြစ်ပါသည် ။ မဖြေမနေရ မေးခွန်းလွှာဖြစ် သကဲ့သို့ အမှတ်အများ ဆုံး ပေးသောမေးခွန်းလည်း ဖြစ်ပါသည် ။ မေးခွန်းလွှာထဲ၌ နောက်ဆုံးမေးခွန်းဖြစ်သည် ။ နှစ်သက်ရာ တစ်ခုခုကို စာစီစာကုံးရန်အတွက် ရွေးချယ်ရန် အကြောင်းရပ် ၃-ခုမျှကို လည်း ပေးထားတတ်ပါသည် ။ စာစီစာကုံးရေးရာ၌ အကြောင်းဆိုက် လာလျှင် ပတ်သက်ရာပတ်သက်ကြောင်း ဖြစ်သည့် ပုံပြင်များ ၊ စကား လုံးများ ၊ ဆုံးမစာ ကောက်နုတ်ချက်များကို ထည့်သွင်းခြင်းသည် ထိရောက်ကောင်းမွန်လှပါသည် ။

စာစီစာကုံး ရေးသားရာ၌ နိဒါန်း၊ စာကိုယ်၊ နိဂုံး ဟူသည့် အင်္ဂါရပ် သုံးမျိုးရှိကြောင်း သိကြပါလိမ့်မည်။ ဤ၌ သတိပြုစရာ ကောင်းလှသည့် အချက်များမှာ နိဒါန်းဟူသည် စာကိုယ်တွင် ရေးမည့်အကြောင်း အရာများကို အစပြုမိတ်ဆက်ခြင်းပင် ဖြစ်၏။ တစ်နည်းအားဖြင့် မည်သည့် အကြောင်းအရာကို ရေးမည်ဖြစ်ကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည် ။ နိဒါန်းကို အရှည်ကြီးရေးရန် လည်း မလိုအပ်ပါပေ။ စာကိုယ်တွင် ရေးသားရမည့်အကြောင်းရပ်များကို နိဒါန်းတွင် စုံစုံစေ့စေ့ ရေးသားရန် မလိုအပ်ပါ။ များများ တွေး၍ များများ ရေးကျင့်ရှိလာလျှင် ထိရောက်ပြီး ဖတ်ချင့်စဖွယ် ကောင်းသည့် နိဒါန်းများ ဖြစ်လာပါလိမ့်မည်။

စာကိုယ်ဆိုသည် မှာ ခေါင်းစဉ်နှင့်အပ်စပ်သည့် အကြောင်းအရာတို့ကို စီကာစဉ်ကာ ရေးဖွဲ့ခြင်းဖြစ်ပါသည် ။ မိမိ၏ တွေးခေါ်စွမ်းပကားနှင့်အညီ လွယ်ကူရှင်းလင်းစွာ ရေးဖွဲ့နိုင်လျှင် စာစစ်သူတို့ သဘောတွေ့စမြဲ

ဖြစ်ပါသည် ။ ဟန်မလုပ်သော ရိုးဂုဏ်၏ အလှတရားကို မြတ်နိုး တန်ဖိုးထားတတ်ကြပါသည် ။ ခါချဉ်ကောင်က ဆင်၏ ဦးခေါင်းကို ထမ်းလာတာမျိုး မဖြစ်စေသင့်ပါ။ ဝါကျဖွဲ့ရာ၌ ကံ၊ ကတ္တား၊ ကြိယာ၊ ဝိဘတ် အစရှိသည် တို့ နိုင်နင်းလျှင် ဝါကျရှည်ရေးဖွဲ့ခြင်းမှာ အကြောင်းမဟုတ်သော်လည်း နိုင်နင်းမှုမရှိပါက ကသောင်းကနင်း ဖြစ်သွားတတ်ပါသည် ။ သို့ဖြစ်၍ လွယ်ကူရိုးရှင်းသော ဝါကျတိုကလေးများကို ရေးဖွဲ့နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည် ။ ဖတ်၍ လည်း ရှင်းလင်းသကဲ့သို့ အမှားအယွင်းလည်း နည်းပါးတတ်ပါသည် ။

စာစီစာကုံးရေးဖွဲ့ရာ၌ အကြောင်းအရာကိုလိုက်၍ စာပိုဒ်ခွဲကာ ရေးသားဖို့ လိုပါသည် ။ ထိုသို့မဟုတ်ပါက စာစစ်သူ၏ အာရုံကို ညောင်းစေပါသည် ။ အကြောင်းအရာများ ရောထွေးတတ်ပါ သည် ။ အကြောင်းအရာ တစ်ခုတည်းမှာ ပင် ရေးစရာများ နေပါက စာပိုဒ်ခွဲရေးနိုင်ပါသည် ။ ပါဝင်သင့်သည့် အချက်များ ဟူ၍ ကောက်နုတ်ထားသည် များမှ တစ်ချက်ချင်းကိုပင် စာပိုဒ်တစ်ပိုဒ် အဖြစ် ရေးနိုင်ပါသည် ။ ရေးသားထားသည် ထဲမှ ကိုးကားထားသည့်စာ၊ ကဗျာများ ၊ စကားပြောများ ဆိုလျှင် မျက်တောင်ဖွင့် မျက်တောင်ပိတ်ကို သုံးရပါမည်။

စာစီစာကုံး ရေးသားခြင်းသည် ပေးစာရေးသားခြင်းမဟုတ်။ သို့ဖြစ်၍ စကားပြောဖြင့် မရေးရပါ။ စကားပြေအဖြစ်သာ ရေးသားရပါမည်။ စကားပြောဟန်နှင့် စာရေးဟန်ကိုလည်း ခွဲခြားသိဖို့ အရေးကြီးပါသည် ။ ပမာပြရလျှင် ...

စကားပြောဟန် - စာရေးဟန်

- အားပါးတရ ရယ်လိုက်မယ် - အားပါးတရရယ်လိုက်မည်

- မမှန်ဘူး - မမှန်ပါ

- တကယ်လို့ - အကယ်၍

- ဘာကြောင့်လဲဆိုတော့ - အဘယ်ကြောင့် ဆိုသော်

- သွားမယ့်ခရီးလမ်း - သွားမည့်ခရီးလမ်း

- အဖေနဲ့ အမေ - အဖေနှင့်အမေ

အစရှိသည် တို့ ဖြစ်ပါသည် ။ ထို့အပြင် သတ်ပုံသတ်ညွှန်း မှန်ကန်မှု ကိုလည်း ဂရုပြုဖို့ လိုပါသည် ။

သတ်ပုံများ စွာမှားနေလျှင် အမှတ်ကောင်းစွာ မရတတ်ပါ။

ဥပမာပြရလျှင် ...

အမှား - အမှန်

- နေ့တဒူဝ - နိစ္စဓူဝ

- ထမိ - ထဘီ

- ကျည်ဆံ - ကျည်ဆန်

- ဦးပြည်းကတုံး - ဦးပြည်းခေါင်းတုံး

- ခွေးလှေးဂျပိုး - ခွေးလှေးကြမ်းပိုး

- အရှေ့ဖက်အရပ် - အရှေ့ဘက်အရပ်

အစရှိသည် တို့ ဖြစ်ကြပါသည် ။ ထို့ပြင် ခေတ်လူငယ်များ သုံးလေ့ သုံးထရှိသော စကားဝေါဟာရ တို့ ကိုလည်း ရှောင်ကြဉ်သင့်ပါသည် ။

အမှား - အမှန်

- အာ့လာပြောတာ - အဲဒါပြောတာ

- ညေး - ညီလေး

- အေးဆေး - အေးအေးဆေးဆေး

- ဟုတ် - ဟုတ်သည်

- ကွိုင်တက်တော့မှာ ပဲ - ပြဿနာတက်တော့မှာ ပဲ

- ကွိုင်ပူ - ခေါင်းပူ

- ဘော်ဒီချ - အလေးချိန်ချ

- ဂန့်သွားပြီ - သေသွားပြီ

စာစီစာကုံး၏ နိဂုံးအပိုင်းသည် ကား အဆုံးသတ်ချိန်ဖြစ်ပေသည် ။ စာကိုယ်တွင် ရေးသားပြီး ခဲ့သော အကြောင်းအချက်များ အားလုံးကို ချုပ်၍ မိမိ၏ ထင်မြင်ယူဆချက်ပါ ပေါင်းစပ်ပြီး ရေးသားခြင်းဖြစ်ပါသ ည် ။ စာစီစာကုံးကောင်း တစ်ပုဒ်ဖြစ်ဖို့ ဆိုလျှင် အစကောင်းပြီး အနှောင်း သေချာဖို့ အရေးကြီးပါသည် ။ စာကိုယ်၌ ပါဝင်ပြီး အချက်အ လက် အကြောင်းအရာများကို နိဂုံးပိုင်း၌ ထည့်သွင်းခြင်းအား ရှောင်ကြ ဉ်ဖို့ လိုပါသည် ။

စာစီစာကုံးတစ်ပုဒ်အား အောင်မြင်စွာ ရေးသားပြီးလျှင် အစမှ အ ဆုံးတိုင် အနည်းငယ် မဖြစ်မနေ တစ်ခေါက်ပြန်ဖတ်ဖို့ လိုပါသည် ။ ထိုသို့ဖတ်ခြင်းသည် များ စွာအကျိုးရှိပါသည် ။ အကြောင်းမူ သတ်ပုံ အမှားများ ၊ စာလုံးအကျအပေါက်များ ၊ ပြုပြင်သင့်သော အမှားများကို တွေ့ရတတ်သောကြောင့် ဖြစ်ပါသည် ။

စာစီစာကုံးရေးလျှင် ခေါင်းစဉ်ကို စာစီစာကုံး၏ အထက်၊ အလယ်၌ ထင်ရှားစွာရေးပြီး မျဉ်းသားပေးသင့်ပါသည် ။ စာပိုဒ်များ ရေးသည့် အခါတိုင်း ဦးဆုံးစာကြောင်းသည် ဘေးမျဉ်းမှ တစ်လက်မအကွာတွင် ထားသင့်ပါသည် ။ မျိုးတူစု အကြောင်းအရာများကို ခွဲခြားသည့် အနေဖြင့် ပုဒ်ဖြတ်(၊)ကို သုံးရပါမည်။ ဝါကျအဆုံးရောက်လေတိုင်း ပုဒ်မ(။)ကို ချရပါမည်။ လက်ရေး လက်သားကို လှလှပပ ရှင်းရှင်းလင်းလင်း သေသေသပ်သပ် ရေးနိုင်လျှင် အကောင်းဆုံးဖြစ် ပါသည် ။ လက်ရေးမလှလျှင် ရှင်းလင်းစွာ ရေးသင့်ပါသည် ။ လက်ရေးမကောင်းလျှင် ကောင်းအောင် ပြုပြင် လေ့ကျင့်သင့်ပါသည် ။

ကြိုးစားလျှင် အောင်မြင်စမြဲဖြစ်ပါသည် ။

စာစီစာကုံးအရေးအသား ကောင်းမွန်၍ မြန်မာဘာသာရပ်၌ ထူးချွန် ထက်မြက်ကြပါစေ ကြောင်း ဆုမွန်ကောင်းပို့သ အပ်ပါသည် ။

စာစီစာကုံးများကို အင်္ဂလိပ်ဘာသာဖြင့် Essay ရေးသားပေးပါသော မြတ်ပန်းရဂုံစာပေမှ မမာမာမင်း Nway Oo, B.A.(EPP) အား အထူး ကျေးဇူးတင်ရှိပါကြောင်း။

နန္ဒာမိုးကြယ်

၂-၆-၂၀၁၅

***

(ပါဝင်သင့်သည့် အချက်များ )

- စာအုပ်စာပေမှ ရလဒ်ကောင်းများ
- စာဖတ်ခြင်းဖြင့် အနာဂတ်အတွက် ရည်မှန်းချက်များ ထားရှိနိုင်ပုံ
- စာဖတ်ခြင်းကြောင့် ရရှိအပ်သော အကျိုးတရားများ
- စာဖတ်ခြင်းဖြင့် ကမ္ဘာ့ထိပ်တန်း ခေါင်းဆောင်ဖြစ်ခဲ့သူတစ်ဦး
- စာပေအမျိုးအစား ၃ -မျိုးမှ အဓိက ရွေးချယ်ဖတ်ရှုသင့်သည့်စာ
- အစာမကြေခြင်းထက် စာမကြေခြင်းက ပို၍ ဆိုးရွားပုံ
- စာဖတ်သူသည် စာမဖတ်သူထက် ဦးခေါင်းတစ်လုံး ပိုမြင့်ပုံ
- စာဖတ်ခြင်းသည် အချိန်ကို အကျိုးရှိစွာ အသုံးချခြင်းဖြစ်
- စာအုပ်စာပေမှန်သမျှ လူ့မိတ်ဆွေဟု မှတ်ယူအပ်ပုံ

***

# စာအုပ်စာပေ လူ့မိတ်ဆွေ

သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော သတ္တဝါအသီးသီး၌ လူ့ဘုံတစ်ခုတည်းသာလျှင် စာအုပ်စာပေဟူ၍ ရှိပါသည် ။ ယဉ်ကျေးလိမ္မာစေရန်အတွက် စာအုပ်စာပေများကို ဖတ်ရှုသင့် ပေသည် ။ 'အလိမ္မာစာမှာ ရှိ'ဆိုသည့် စကားရပ်နှင့် လျော်ညီစွာ စာအုပ်စာပေကို လေ့လာဖတ်ရှုခြင်း ဖြင့် ရိုင်းပျသော စိတ်နေစိတ်ထားကို ယဉ်ကျေးလာစေသည် ။ လိမ္မာလာစေသည် ။ ထိုမှ တစ်ဆင့် ကောင်းမွန်မြင့်မြတ်သော အနေအထားသို့ ပို့ဆောင်ပေးနိုင်စွမ်းရှိသည် ။ သို့ဖြစ်၍ 'အလိမ္မာစာမှာ ရှိ' ဟု ဆိုရခြင်းဖြစ်ပေသည် ။

စာဖတ်လျှင် ကမ္ဘာပတ်နိုင်သည် ဟူသော စကားမှာ မှန်ကန်လှပါသည် ။ ကမ္ဘာအရပ်ရပ်မှ စာအုပ်များကို ဖတ်ရှုရခြင်းသည် ကမ္ဘာပတ်ခြင်းနှင့် ကူညီလှပါသည် ။ စာအုပ်စာပေများကို လေ့လာဖတ်ရှုခြင်းမှ မိတ်ဆွေသစ်များ တိုးပွားလာရသည် ။ မိမိကျင်လည်ခွင့် မသာသော ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် ထိတွေ့ကျင်လည်ခွင့်ရသည် ။ သမိုင်းဆိုင်ရာ အချက်အလက်များကို သိခွင့်ရသည် ။ အတိတ်ကာလများကို ပြန်ပြောင်းလေ့လာ တူးဆွခွင့်ရသည် ။ ပစ္စုပ္ပန် အဖြစ်အပျက် များကို သိခွင့်ရသည် ။ အနာဂတ်အတွက် တင်ကြို၍ မျှော်မှန်းချက်များ ရမှတ်နိုင်သည် ။

စာပေကို ဖတ်ရှုခြင်းဖြင့် ရရှိသော အကျိုးတရားတို့ ကား များ ပြား

လှပေသည် ။ သမိုင်းဦးဘုံမြေခေတ်မှ သည် အိုင်တီခေတ်တိုင်အောင် ခေတ်အဆက်ဆက်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အနုပညာရပ်များကို လေ့လာသုံးသပ်နိုင်သည် ။ စာအုပ်စာပေများကို နှစ်နှစ်ခြိုက်ခြိုက် စွဲမြဲစွာ ဖတ်ရှုလာသူအဖို့ တက္ကသိုလ်၊ ကောလိပ်တို့ ကို တက်ခွင့် မသာသဖြင့် သက်ဆိုင်ရာဘွဲ့လက်မှတ်များ မရသည့်တိုင်အသိဉာဏ် ဗဟု သုတများ မနန့်နဲ့ ဘဲ စာပေမှ ရရှိသော အသိဉာဏ် ဗဟု သုတများ ဖြင့် လူ့လောကနယ်ပယ်အစုံ၌ ဦးဆောင်ဦးရွက် ပြုနိုင်ပေသည် ။ ပညာရှိ ဝန်ဇင်းဖိုးရာဇာအမတ်သည် ငယ်စဉ်က သာမန်လယ်သမား ကလေးမျှသာ ဖြစ်သည် ။ လုံ့လဝီရိယဖြင့် စာပေကျမ်းဂန်တို့ ကို လေ့လာဆည်းပူးရာမှ သူကောင်းပြု မြောက်စားခံခဲ့ ရခြင်း ဖြစ်သည် ။

အမေရိကန်နိုင်ငံ၏ သမ္မတကြီးတစ်ဦးဖြစ်ခဲ့သော အေဗရာဟင်လင်ကွန်းဆိုလျှင် မည်သည့် တက္ကသိုလ်မျှ တက်ရောက်ခဲ့ဖူးခြင်း၊ မရှိပေ။ သို့ပါသော်ငြား သူသည် ရတတ်သမျှသော စာအုပ်စာပေ တို့ ကို အပတ်တကုတ် လေ့လာဆည်းပူးခဲ့သည် ။ ဥပဒေစာအုပ်များကို အလွတ်သဘောလေ့ လာပြီး ရှေ့နေစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့သည် ။ စာပေက ရရှိလာသော ဗဟု သုတများ ဖြင့် လက်တွေ့ဘဝ ပြဿနာတို့ ကို ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့သည် ။ အမေရိကန်နိုင်ငံရှိ ပြည်သူလူထု၏ တိုးတက်မှုအရေးကို ကြံဆခဲ့သည် ။ လူဖြူလူမည်း ပြဿနာကို ပြေလည်စေခဲ့သည် ။ သည့်အတွက် ကြောင့် ပြည်သူလူထု၏ ချစ်ခင်ကြည်ညိုမှုကို ရရှိကာ အမေရိကန်နိုင်ငံ၏ သမ္မတကြီးအဖြစ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပေသည် ။ ထိုအခြေအနေသို့ ရောက်ရှိခြင်း၌ စာအုပ်စာပေ၏ အခန်းကဏ္ဍ သည် အဓိက ပါဝင်နေပေသည် ။

စာအုပ်စာပေ၊ ဖတ်ရှုခြင်းသည် ဘဝကို ရင့်သန်တိုးတက်စေပါသည်

။ ဖတ်ရှုလေ့လာရာ၌ လည်း အပေါ်ယံရုပ်ကာ သာမန်ဖတ်ရှုခြင်းမျိုး မဟုတ်ဘဲ ဆင်ခြင်သုံးသပ်မှုတို့ ကို အရင်းခံကာ ဖတ်ရှုသင့်ပေသည် ။ အပျင်းပြေဖတ်ရှုသော စာပေ၊ အပျော်ဖတ်စာပေတို့ ထက်၊ အသိပညာ အလိမ္မာတို့ တိုးပွားစေနိုင်မည့် စာပေတို့ ကို ရွေးချယ်ဖတ်ရှုသင့်ပေသည် ။ အနောက်တိုင်း စာပေပညာရှင်ကြီး ဖရန်စစ်ဘေကွန်က စာပေကို သုံးမျိုးသုံးစားခွဲခြား ပြထား၏။ ကွမ်းယာကဲ့သို့ အရည်မရ အဖတ်မရသော စာပေမျိုးကြံကဲ့သို့ အရည်သာရပြီး အဖတ်မရသော စာမျိုးတို့ ထက် ပန်းသီးကဲ့သို့ အရည်လည်း ရ၊ အဖတ်လည်း ရသော စာမျိုးကိုသာ ရွေးချယ် ဖတ်ရှုသင့်ကြောင်း အကြံပြုထားပေသည် ။

စာပေလေ့လာ ဖတ်ရှုခြင်းကား ကိုယ်ရည်ကိုယ်သွေးကို မြင့်မားတိုးတက်စေပါသည် ။ လူတစ်ယောက်အတွက် ရုပ်ခန္ဓာတည်မြဲစေရန် အစာအာဟာရကို ပုံမှန်မှီဝဲသုံးဆောင် ပေးရသည် ။ ထို့အတူ ဦးနှောက်အာဟာရ ဖွံ့ထွားစေရန်အတွက်လည်း စာပေများ လေ့လာဖတ်ရှုခြင်းဖြင့် ဖြည့်တင်းပေးရသည် ။ ဤ၌ အစာမကြေခြင်းထက် စာမကြေခြင်းက ပိုမိုဆိုးရွားလှသည် ကိုလည်း သတိပြုသင့်ပေသည် ။ စာပေများကို လေ့လာဖတ်ရှုခြင်းဖြင့် သိစရာ မှတ်သားစရာ ဗဟု သုတများ ရရှိနိုင်၏။ လူလူချင်း ကိုယ်ချင်းစာနာစိတ်များ ထားရှိနိုင်သည့် ခံစားမှုများကို ပွားများရရှိစေနိုင်၏။ ဦးနှောက်ဖွံ့ဖြိုးမှုအတွက လိုအပ်သော စာပေသည် ‘သုတစာပေ’ဖြစ်ပြီး နှလုံးသားဖွံ့ဖြိုးတိုးတက်မှု အတွက် လိုအပ်သောစာပေမှာ ရသစာပေ ဖြစ်ပေသည် ။ ရသစာပေကို ဖတ်ရှုခြင်းဖြင့် ဆင်ခြင်စိတ် ၊ ကိုယ်ချင်းစာနာစိတ်၊ မုဒိတာစိတ်များ ၊ အတွေ့အကြုံသင်ခန်းစာများ ရရှိနိုင်ပေသည် ။

လူသားတို့ အတွက် အကောင်းဆုံးသော မိတ်ဆွေကို ပြပါဆိုလျှင် စာအုပ်စာပေကိုသာ ပြရပေလိမ့်မည်။ စာဖတ်သူနှင့် မဖတ်သူမှာ ပြော

ဆို နေထိုင် သွားလာမှုတို့ တွင် အစစအရာရာ ကွာခြားလှပါသည် ။ စာဖတ်သူ၌ အသိလိမ္မာယဉ်ကျေးလှပါသည် ။ စာဖတ်များ သူ တစ်ယောက်သည် အစစအရာရာ စီမံခန့်ခွဲမှု အပိုင်း၌ အကောင်းနှင့်အဆိုး အကြောင်းနှင့်အကျိုးကို ခွဲခြားသိမြင်တတ် လေသည် ။ အချိန်ကို အလဟဿမဖြစ်စေဘဲ အကျိုးရှိစွာ အသုံးချတတ်ပေသည် ။ လုပ်ငန်းတစ်ခုမှ ရလာမည့် အကျိုးအမြတ်ကိုလည်း ကြိုတင်တွက်ဆနိုင်စွမ်း ရှိပေသည် ။ ရှင်းစွာဆိုရလျှင် စာဖတ်သူသည် စာမဖတ်သူထက် ဦးခေါင်းတစ်လုံး ပို၍ မြင့်နေတတ်ပေသည် ။

အချုပ်အားဖြင့်ဆိုလျှင် စာပေသည် လွန်စွာမှ နူးညံ့သောအနုပညာဟု ဆိုနိုင်ပေသည် ။ စာအုပ်စာပေကို လေ့လာဖတ်ရှုခြင်းသည် အချိန်ကို ကောင်းစွာ အသုံးချခြင်း ဖြစ်ပေသည် ။ စာဖတ်သက် ရင့်ကျက်လာသည် နှင့်အမျှ အတွေးအခေါ်များ ၊ အကြံအစည်များ ရင့်ကျက်လာပေလိမ့် မည်။ စာပေဖတ်သူအဖို့ ယနေ့သည် မနေ့ကထက် ရင့်ကျက်ပြီး မနက်ဖြန်ဆိုလျှင် ယနေ့ထက် ပို၍ ရင့်ကျက်ပေလိမ့်မည်။ စာပေဖတ်ရှုခြင်းသည် ကျားသေကို အသက်သွင်းခြင်း မဟုတ်။ မိတ်ဆွေကောင်းနှင့် ပေါင်းစပ်ခြင်း ဖြစ်၏။ ဘုရားရှင်ကလည်း မိတ်ဆွေကောင်းကို ပေါင်းဖော်ခြင်း ဖြင့် ကိစ္စအလုံးစုံတို့ ပြီးမြောက်အောင်မြင်နိုင်ကြောင်း မိန့်ကြားခဲ့ဖူးပါသည် ။ သို့ဖြစ်၍ စာအုပ်စာပေ မှန်သမျှ လူ့မိတ်ဆွေဟု မှတ်ယူကာ ထာဝရ မွေ့လျော်သွားသင့် ပါတော့သည် ။

***

There is no friend as loyal as a book in the world. Books are our best friends, guiders and philosophers. Books encourage us when we feel sad and weak in mind. They bring light into darkness and sunshine into shadow. Books are able to improve our manners and behaviours better and better.

Book are the quietest, wisest and the most patient teachers. A book is a storehouse of knowledge and has several advantages. In our society, we have friends but even those best friends can cheat us not like the books. They are our neverfailing friends. Moreover, a book can work as the window to the world outside. The books on travelling can take us into the jungles of Africa, to the top of Mount Everest or the Efle tower either while we can relax in bed or an armchair.

They are so many types of books. Some books like Dhamma are to inspire us and to teach us the best lesson of our life. Some books will improve our language, and some books give us a morale of life. Some books will teach us how to help the society while some books are about the life of successful people. So we need to choose only good books that can show us the path of struggle to get success in our life. It is important not to read bad books that can ruin our morality and personality.

Books are our real best friends. Books give us knowledge and

pleasure. Book is our great adviser because books stand by us to help us when we face any trouble. It awakens our conscience and develops our mind. When we are lonely, it educates, entertains and serves as like a great companion. We can learn and know the life style and culture of different countries through reading books.

In conclusion, for above a lot of advantages, book is a great source of knowledge and entertainment. Books help us to become a wise and successful man in life. It removes our loneliness, relieves our sorrows and gives us cornfort in life. That is why we should have a good habit of reading books in spending our precious time as a book is a unique portable magic in our society.

***

GLOSSARY

(1) loyal = သစ္စာရှိသော

(2) philosophers = ဒဿနပညာရှင်များ

(3) storehouse = သိုလှောင်ထားသည့်နေရာ

(4) several = များ ပြားသော

(5) society = အသင်းအဖွဲ့

(6) cheat = လိမ်လည်လှည့်စားသည်

(7) Mount Everest = ဧဝရက်တောင်

(8) Efle tower = ပြင်သစ်မျှော်စင်

(9) inspire = တက်ကြွမှုကို ဖြစ်စေသည်

(10) morale = စိတ်ဓာတ်။

(11) struggle = ရုန်းကန်လှုပ်ရှားသည်

(12) ruin = ပျက်စီးစေသည် ။

(13) awaken = နှိုးဆွပေးသည် ။ နိုးကြားစေသည် ။

(14) conscience = အသိတရား။ အသိစိတ်။

(15) companion = အဖော်မွန်

(16) relieve = ဝေဒနာကို သက်သာရာရစေသည် ။

***

# စည်းကမ်း၏ တန်ဖိုး

## (ပါဝင်သင့်သည့် အချက်များ )

- စည်းကမ်း၏ အဓိပ္ပာယ်

- စည်းကမ်းရှိခြင်း၏ အကျိုး၊ စည်းကမ်းမဲ့ခြင်း၏ ရလာဒ်

- အထွေထွေသော စည်းကမ်းများ

- ကျောင်းသားနှင့် စည်းကမ်း

-ကျောင်းသားလူငယ်တို့ ၏ စည်းကမ်းမဲ့ အပျော်ရှာမှုများကြောင့် ဘေးဒုက္ခကျရောက်တတ်ပုံ

- နိုင်ငံကြီးသားများ ပီသအောင် စည်းကမ်း ရှိကြဖို့ လိုအပ်ပုံ

- 'စည်းကမ်းအစ စာသင်ကျောင်းက'ဟူသော ဆောင်ပုဒ်နှင့်အညီ ကျောင်းတော်သူ ကျောင်းတော် သားများ စည်းကမ်းလိုက်နာသင့်ကြပုံ

- 'စည်းကမ်းရှိမှ တိုးတက်မည်'ဆိုသည့်အတိုင်း နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ လူမျိုး၏ ဂုဏ်သိက္ခာ တန်ဖိုးရှိရလေအောင် စည်းကမ်းသည် အရေးပါလှကြောင်း

***

# စည်းကမ်း၏ တန်ဖိုး

‘စည်းကမ်း’ဟူသည် စကားလုံး အရေအတွက်အားဖြင့် နှစ်လုံးတည်းသာ ရှိလင့်ကစား အဓိပ္ပာယ်အားဖြင့်မူ များ စွာကျယ်ဝန်းလှပါသည် ။ စည်းကမ်းကို မြန်မာအဘိဓာန်၌ ‘လိုက်နာ စောင့်ထိန်းရမည့် ကျင့်ဝတ်’ဟူ၍ ဖွင့်ဆိုထားပါသည် ။ ထိုကျင့်ဝတ်သည် လူတိုင်း လိုက်နာရမည့် ကျင့်ဝတ်ဖြစ်ပါသည် ။ စည်းကမ်းရှိသူအတွက် တန်ဖိုးမှာ တိုးတက်မြင့်မားနေပါလိမ့်မည်။ စည်းကမ်း၏ တန်ဖိုးကို နားလည်သူအဖို့ စည်းကမ်းလိုက်နာမှုကြောင့် ဘဝ၌ တိုးတက်အောင်မြင် မည်မှာ မြေကြီးလက်ခတ်မလွဲပါပေ။

နိုင်ငံကြီးသား ပီသခြင်း မပီသခြင်းမှာ စည်းကမ်းရှိခြင်း၊ စည်းကမ်းမဲ့ခြင်းနှင့် သက်ဆိုင် ပေသည် စည်းကမ်းရှိသော တိုင်းပြည်မှာ တိုးတက်မှုအရှိန်အဟု န် မြင်းမား၍ ၊ စည်းကမ်းမဲ့သော တိုင်းပြည်မှာ မူ ခေတ်နောက်ကျ ကျန်ရစ်စမြဲဖြစ်ပေသည် ။ စည်းကမ်းမဲ့ခြင်း၏ ရလဒ်မှာ လွန်စွာမှ ဆိုးရွားလှပေသည် ။ မိမိတို့ မြန်မာနိုင်ငံသည် ကုန်းဘောင်ခေတ်နှောင်းပိုင်း၌ နယ်ချဲ့တို့ ၏ ကိုလိုနီကျွန်ပြုခြင်းကို ခံရကာ ထီးသုဉ်းနန်းသုဉ်း ဖြစ်ခဲ့ရသည် ။ အချုပ်အခြာ အာဏာနှင့် မြန်မာ့လွတ်လပ်ရေး ဆုံးပါးခဲ့ရသည် ။ သည် အတွက် မျိုးချစ်စာဆိုကြီး အချုပ်တန်းဆရာဖေက ‘မြန်မာတွေ စည်းကမ်းဖောက်လို့ ၊ ထီးနန်းပျောက်ဖြစ်ပြီ’ဟု စပ်ဆိုမှတ်တမ်း တင်ခဲ့ခြင်းဖြစ်သည် ။

ကျောင်းနေလျှင် ကျောင်းစည်းကမ်းရှိသည် ။ အိမ်၌ နေလျှင် အိမ်စည်းကမ်းရှိသည် ။ အလုပ်ခွင်ထဲရောက်လျှင် အလုပ်ခွင်စည်းကမ်းရှိသ

ည် ။ ယာဉ်မောင်းလျှင် ယာဉ်စည်းကမ်း၊ လမ်းအသုံးပြုလျှင် လမ်းစည်းကမ်းတို့ ရှိရသည် ။ လူတို့ ကို မဆိုထားနှင့်၊ ရဟန်းသာမဏေတို့ ဆိုပါလျှင်လည်း ဝိနည်းဟူသော ရဟန်းစည်းကမ်း၊ သာမဏေစည်းကမ်းတို့ ရှိရသည် ။ ယာဉ်စည်းကမ်း လိုက်နာသူများ အဖို့ 'စည်းကမ်းလိုက်နာ ဘေးကင်းကွာ'ဟူသော စကားရပ်နှင့် အညီ ကောင်းကျိုးချမ်းသာကို ခံစားရမြဲဖြစ်သည် ။ အသက်တစ်ရာမနေရ၊ အမှုတစ်ရာ ပွေရသူတို့ ၌ စည်းကမ်းမလိုက်နာခြင်း ဆိုသည့် အချက်များကို တွေ့ရှိရမည်ဖြစ်သည် ။

လူနှင့်လူ့ပတ်ဝန်းကျင်၌ သက်ဆိုင်ရာအလိုက် စည်းကမ်းချက်များ ရှိကြပေသည် ။ တပ်မတော်သားဖြစ်လျှင် တပ်မတော်စည်းကမ်း၊ ရဲဆိုလျှင် ရဲစည်းကမ်း၊ ကုမ္ပဏီဆိုလျှင် ကုမ္ပဏီစည်းကမ်း၊ ဆေးရုံဆိုလျှင် ဆေးရုံစည်းကမ်း၊ ကျောင်းသားဆိုလျှင် ကျောင်းသားစည်းကမ်း ဟူ၍ ရှိပေရာ အဆိုပါစည်းကမ်းကို လိုက်နာခြင်းသည် မိမိကိုယ်မိမိ တန်ဖိုးမြင့်မားအောင် ရှက်ဆောင်ခြင်းပင် ဖြစ်ပေသည် ။ ကျောင်းသားလူငယ် ဖြစ်သော မိမိတို့ သည် ကျောင်းတွင် ချမှတ်ထားသော စည်းကမ်းတို့ ကို လိုက်နာမှ သာ ကျောင်းတော်သား စစ်မှန်ပီသပေလိမ့်မည်။ စည်းကမ်းဟူသည် ချုပ်ချယ်ခြင်းမဟုတ်၊ လမ်းကောင်းလမ်းမှန်ရောက်အောင် ပံ့ပိုးပေးခြင်းပင် ဖြစ်ပါသည် ။

မိမိတို့ ကျောင်းတော်သူ ကျောင်းတော်သားများ သည် ပင်ကိုသဘာဝအားဖြင့် လွတ်လပ်မှု ပျော်ရွှင်မှုကို အလေးထားတတ်ကြသည် ။ စည်းကမ်းကို ချုပ်ချယ်မှုဟု အထင်ရောက်ကြသည် ။ ထို့ကြောင့်ပင် စရိုက်တူဝါသနာတူများ နှင့် တွေ့ဆုံပေါင်းဖက်ပြီး စည်းလွတ်ဘောင်လွတ် ပျော်ချင်တတ်ကြသည် ။ ထိုအခါ အပျော်လွန်ပြီး မဖြစ်သင့်သည် များ ဖြစ်ကာ ဘေးဒုက္ခနှင့်ကြုံတွေ့ ကြရသည် ။ လူငယ်ဟူသည် အရာရာကို စူးစ

မ်းချင်တတ်ကြ၏။ လက်တည့်လည်း စမ်းချင် တတ်ကြ၏။ ထိုအခါ မဖြစ်သင့်သည် တို့ ဖြစ်ပွားကြကုန်၏။

ပမာအားဖြင့် 'ဆေးလိပ်မသောက်ရ'ဟု စည်းကမ်းထုတ်ထားလျှင်၊ စည်းကမ်းကို အလေးမမူ ဂရုမထားဘဲ ဆေးလိပ်ကို ခိုးဖွက်သောက်ကြ၏။ 'ရှောင်လေဝေးဝေး မူးယစ်ဆေး'ဟု စည်းကမ်းထုတ်ထားလျှင် မည်သို့မည်ပုံ ဖြစ်မည်ကို သိလိုဇောဖြင့် လက်တည့်စမ်းတတ်ကြ၏။ သည့်အတွက် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မူးယစ်ဆေးဝါး၏ သားကောင် ဘဝသို့ ကျရောက်ကာ ရေတိမ်နစ်သွားရသူတွေ အများကြီး ရှိခဲ့ပေသည်။ စည်းကမ်းဘောင်အတွင်း၌ နေထိုင်ကျင့်ကြံ တတ်မည် ဆိုပါက မည်သို့သော ဘေးဒုက္ခမျှ ကျရောက်စရာ အကြောင်းမရှိပေ။ စိတ်သောကလည်း ပွားစရာအကြောင်း မရှိပါပေ။

စင်စစ် စည်းကမ်းဟူသည် လူ၏ တန်ဖိုးပင်ဖြစ်ပါသည် ။ ကျောင်းတော်သူ ကျောင်းတော် သား များမှာ လည်း မိမိတို့ နှင့် သက်ဆိုင်ရာ စည်းကမ်းများကို လိုက်နာခြင်းဖြင့် အရည်အသွေးများ တောက်ပြောင်လာပါလိမ့်မည်။ ဘေးအန္တရာယ်အပေါင်းမှ ကင်းရှင်းသွားကြပါလိမ့်မည်။ လူတော် လူကောင်း၊ လူရည်ချွန် လူရည်မွန်ကလေးများ ဖြစ်လာပါလိမ့်မည်။ ထို့အတူ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့ ရာ၌ လည်း နိုင်ငံသူနိုင်ငံသား အပေါင်းက နိုင်ငံကြီးသားပီသအောင် စည်းကမ်း ရှိဖို့ လိုပေသည် ။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို အရယူဆောင်ကြဉ်းပေးခဲ့သော အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း မြန်မာတွေ စည်းကမ်းရှိကြဖို့ တဖွဖွ မှာ ကြားခဲ့လေ သည် ။

ကျောင်းတော်သူ ကျောင်းတော်သားအပေါင်း၏ တန်ဖိုးမှာ ကျောင်းစည်းကမ်းဖြစ်ချေ၏။ ကျောင်းမှ ချမှတ်ထားသော စည်းကမ်းဆိုသည်

မှာ လည်း ကျောင်းတော်သူ ကျောင်းတော်သား အပေါင်းတို့ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ရှေ့ရှုထုတ်ပြန်ထားခြင်းပင်ဖြစ်သည် ။ သို့ဖြစ်၍ ကျောင်းတော်သူ ကျောင်းတော်သား အပေါင်းတို့မှာ ကျောင်းစည်းကမ်းကို လိုက်နာဖို့ လိုပေ သည် ။ ‘စည်းကမ်းအစသည် စာသင်ကျောင်းများက’ဟု ဆိုလျှင် မှားလိမ့်မည် မထင်ပါပေ။ စည်းကမ်းရှိသူကို လူ့လောက ဝန်းကျင်က ချီးမြှင့်မြှောက်စားကြမှာ ဧကန် ဖြစ်၏။ စည်းကမ်း ဖောက်ဖျက်သူအား လူ့လောက ဝန်းကျင်ကပင်ကောင်းစွာဒဏ်ခတ်ပေလိမ့်မည်။ စည်းကမ်း ရှိခြင်းနှင့် စည်းကမ်းလိုက်နာခြင်းတို့ ကြောင့် အရှိန်အဟုန်မြင့်မားစွာ တိုးတက်သွားသော နိုင်ငံများ စွာ ရှိကြပါသည် ။ ပမာအားဖြင့် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်သော စင်္ကာပူနိုင်ငံသည် နယ်မြေ အကျယ်အဝန်း သေးငယ်သော်လည်း စည်းကမ်းကို လိုက်နာစောင့်ထိန်းသည့် အတွက်ကြောင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက် ရှိပါသည် ။

အချုပ်အားဖြင့်ဆိုရလျှင် ကျောင်းတော်သူ ကျောင်းတော်သား လူငယ်လူရွယ်များ အပါအဝင် မိမိတို့ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့ သည် မိမိတို့ သက်ဆိုင်ရာ စည်းကမ်းများကို လိုက်နာ ကြရပါမည်။ သို့မှ သာ တန်ဖိုးရှိသော နိုင်ငံ၊ တန်ဖိုးရှိသော လူမျိုး၊ တန်ဖိုးရှိသော ကျောင်းတော်သူ ကျောင်းတော်သားများ ဖြစ်ကြပေလိမ့်မည်။

***

Discipline is self-controlled behaviour to follow orders and proper authority. Discipline is a great importance in the whole life and it is needed in life. It we do not abey and follow the rules of the superiors and olders, definitely we will suffer problems and failure. A person obeying the rules and regulations or knowing the value of discipline can gain great success in his life.

We should always be disciplined and obey the words of our parents and teachers to be successful in our lives. Life without discipline is incomplete and unsuccessful. Our daily lives would become unorganized if we do not follow the discipline. People, who are not disciplined in their lives, have to face lot of problems and get disappointments.

Discipline is very necessary tool for everyone in every life whether at home, office, school, army or other places. In a family, all the family members must obey the head of the family. No home can be peaceful unity without proper discipline. In the same way, no school can run if students do not obey their teachers. Students have to respect their teachers, should not fight or quarrel among them, keep silent in class-room, must pay attention to their studies and attend class regularly. Most students might think the discipline kills their freedom but actually it only controls them and teachers them good manners.

Discipline is an action according to rules, the most important r

ule of discipline is obedience. Even in ther army, discipline is the most essential and important. Soldiers must abey the command blindly. They cannot ask why and complain to their seniors. An undisciplined nation cannot expect to remain independent even for a moment. That is why our national leader General Aung San told us to be obedient in every rules, codes and disciplines systematically.

Without discipline, the whole world, country, society, community would become disorganized. As success depends upon discipline, we, have to obey discipline from our childhood. Besides, as to be a valuable country, race and people in life we must be in discipline and must have self-controlled behaviour to build strength and unity development.

***

GLOSSARY

(1) self-controlled behaviour = ကိုယ့်စိတ်ကိုယ် ချုပ်ထိန်းသော အပြုအမူ

(2) authority = သြဇာ။ လုပ်ပိုင်ခွင့်။

(3) obey = စကားနားထောင်သည် ။ နာခံသည် ။

(4) superiors = အထက်အကြီးအကဲများ

(5) failure = ပျက်ကွက်ခြင်း။ ကျရှုံးခြင်း

(6) rules and regulations = စည်းကမ်းစည်းမျဉ်းများ

(7) unsuccessful = မအောင်မြင်သော

(8) disappointments = စိတ်ပျက်ခြင်းများ

(9) army = စစ်တပ်

(10) peaceful = ငြိမ်းချမ်းသော

(11) proper = သင့်တင့်ကောင်းမွန်သော

(12) quarrel = ငြင်းခုန်သည် ။ ခိုက်ရန်ဖြစ်ပွားသည် ။

(13) pay attention = အာရုံစူးစမ်းသည်

(14) manners = နည်းဟန်ပန်များ

(15) essential = မရှိမဖြစ် လိုအပ်သော

(16) command = အမိန့်

(17) systematically = စနစ်တကျ

(18) society = အသင်းအဖွဲ့

(19) community = အုပ်စု

(20) valuable = တန်ဖိုးကြီးသော

(21) Discipline = စည်းကမ်း

***